# မြန်မာ့ရိုးရာလိင်ဟာသပုံပြင်များ

## (၆) ချမ်းသာပြီတော်ရေ!

တူ–တူမလေးတို ့ရေ၊ဘကြီးဖြိုးဒီနေ ့မင်းတို ့လေးတွေကိုထပ်ပြောပြမဲ့ပုံပြင်လေးက တော့ " ချမ်းသာပြီတော်ရေ " ဆိုတဲ့ပုံပြင်လေးပါဘဲကွယ်။ ပုံပြင်လေးက ကဒီလိုကွဲ့ ––

တစ်ခါက ရွာလေးတစ်ရွာမှာ အလွန်ရိုးအ တဲ့လင်မယားနှစ်ယောက်ရှိသတဲ့၊ဘယ်လောက်ဘဲပင်ပန်းကြီးစွာအလုပ်လုပ်ငွေရှာရှာ၊ နှစ်ယောက်လုံးကနုံအရှာလေတော့ အဖတ်မတင်ဘဲတော်တော်လေးဆင်းရဲကြရှာသတဲ့။

တစ်နေ ့မှာ ယောကျ်ားလုပ်သူဟာ တောင်ပေါ်တက်ပြီးတစ်နေ ကုန်ကြိမ်ခုတ်ပြီး မြို့တက် ရောင်း လို ့ရတဲ့ ပိုက်ဆံလေး ကျပ် ၅၀၀ ကို ကိုင်ပြီး တောလမ်း လေးကနေ ပီတိအပြုံနဲ့ မိန်းမကိုမျက်နှာလုပ်ဖို ့ရွာကိုပြန်လာခဲ့သတဲ့။ လမ်းခု လပ် ရောက်တော့ လမ်းအလယ်ခေါင်တည့်တည့်မှာလူတစ်ယောက်ဟာငုတ်တုပ်လေးထိုင်ပြီးသူ ့ပု ဆိုးလေးနဲ ့တစ်စုံတစ်ရာကို အုပ်ထားသလိုပုံစံမျိုးလေးဖြစ်နေတာတွေ ့တော့ " *ဟေ့လူ ဘာ လုပ်နေတာ လဲဗျ* " လို့ လှမ်းမေး တယ်။ အဲဒီအခါမှာအဲဒီလူက " *ကျွန်တော်ဆင် ဥ ဝပ်နေတာဗျ၊ ၃ ရက်ရှိနေပြီ၊ အကောင်ပေါက်ခါနီးနေပြီဗျ ၊ အကောင်ပေါက်ရင်အနည်းဆုံး သိန်းဂဏန်းထောမှာဗျ၊ဒါပေမဲ ့ထမင်းမစားရတာကြာပြီး၊ဝပ်နေရတာကြာလို ့ညောင်းချိနေ ပြီ၊ဆက်မဝပ်နိုင်တော့ဘူး၊ကျုပ်ရွာဘဲကျုပ်ပြန်တော့မယ်။ ငွေမက်ပေမဲ့ကျန်းမာရေးကမခံနိုင် ဘူးလေ။ ဒီတော့ခင်ဗျားမှာ ပိုက်ဆံဘယ်လောက်ပါလဲ။ ခင်ဗျားဆီမှာဘဲဒီဆင်ဥကို ရသလောက်နဲ ့ရောင်းခဲ့တော့မယ်*" လို ့ပြောသတဲ့၊အမှန်မှာ လူလိမ်က သူ ့ကိုငတုံးမှန်းသိလို ့လိမ်ဖို ့အတွက် အရောင်လွင့်နေတဲ့ သားရေဘောလုံးဟောင်းတစ်လုံးကို ငုတ်တုပ်ပုဆိုးနဲ ့ အုပ်ထိုင်ပြီး လိမ်ဆင် ဆင်တာပါဘဲကွယ်။

ဒီတော့သူလဲလူကနုံအရိုးသားရှာလေတော ့" *ဟုတ်ရှာမှာဘဲ။ ငါတော့ ဆင်းရဲတွင်းက လွတ်ဖို့အကြောင်းဖန်လာပြီ၊ထောပြီ* "လို ့တွက်ဆပြီး " *ကျုပ်မှာတော့ကြိမ်ရောင်းလို့ရတဲ့ငွေ လေး ၅၀၀ ဘဲပါတယ်။အဲဒီလောက်နဲ့ ကျေနပ်မယ်ဆိုရင်တော့ကျုပ်ကိုခင်ဗျားဆင်ဥရောင်း ခဲ့လိုက်*"လို ့ဝမ်းသာအားရပြောသတဲ့။ လူလိမ်လဲ မျက်နှာ ကိုမတတ်သာလို ့အောက်ဈေးနဲ ့ လွှတ်ရမဲ့ပုံစံမျိုးဖမ်းပြီး အေးပေါ့လေ၊ ခင်ဗျားမှာ ဒီလောက်ဘဲပါ တော့၊ ကျုပ်က လဲ ၅၀၀ နဲ့ ဘဲကျေနပ်ရတော့မှာပေါ့လို့ပြန်ပြောပြီးငွေ ၅၀၀ ယူပြီး၊ ဘော လုံးဟောင်းကြီးကို ကို လူနုံ ကို ပေးပြီး လစ်တော့တာပေါ့။

ကိုလူနုံလည်းအိမ်ပြန်ရောက်တော့ မိန်းမကိုမတွေ ့တော့ အိပ်ခန်းထဲတန်းဝင် လေ သလပ်ပြီးဆင်ဥမပေါက်မှာစိုးလို ့ သူ့ပုဆိုးအောက်မှာထည့်ပြီးစောင်ထပ်ခြုံပြီးလှဲပြီး ဥ ကို ဆက်ဝပ်ထားတဲ့ပုံစံမျိုးလေးလုပ်နေတာပေါ့။ ခဏကြာတော့အိမ်ရှေ ့ကနေ ရေခပ်ပြီးပြန်လာတဲ့မိန်းမလုပ်သူ က အိမ်ရှေ့မှာ ယောကျ်ား ကိုမတွေ့တော့အိပ်ခန်းထဲ ဝင်လာတာပေါ့။

ပြီးတော့ ယောက်ျားကို"*အိပ်ယာထဲမှာ တော်ဘာလုပ်နေတာလဲ*"လို့ လှမ်းမေးတယ်။ ဒီတော့ ယောက်ျားလုပ်သူက"*မိန်းမရေငါတို့ တော့ထောပြီ၊စိုင်ကော်လို့ ခြံပေါ်ရောက်တာဘဲ။ ငါအခု ဆင်ဉ တစ်လုံးကို ကျပ် ၅၀၀ ထဲနဲ့ အချောင်ရပြီးဆက်ဝပ်နေတာကွ၊အကောင်ပေါက် လာရင်အနည်းဆုံး၃ သိန်းဘဲ။မြို့ တက်ပြီးသစ်တောဌာနကိုရောင်းလိုက်ယုံဘဲ။*" လို့ ပြောတယ်။

မိန်းမလုပ်သူမယ်နုံကလဲ "*ဟင်ဟုတ်လား– ဒါဆိုကျွန်မတို့ တော့ချမ်းသာတော့မှာ ပေါ့နော်။မှန်းစမ်း ဆင်ဉလေးကိုခဏစမ်းကြည့်လိုက်ဦးမယ်*" ဆိုပြီး၊ စောင်အောက်ထဲကို လက်နှိုက်ဖို့ ပြင်သတဲ့။ ယောက်ျားလုပ်သူက တဟော့ဟော့နဲ့ တားမလို့ လုပ် တာ တောင် မရဘဲအတင်းစွတ်နှိုက်လိုက်တော့၊ ပုဆိုးအောက်က ဘောလုံးစုတ်ကြီးမှာ ကပ်နေ တဲ့ ကိုလူနုံရဲ့ လီးအတံအချောင်း ပျော့ပျော့နွေးနွေးကြီးကိုသွား ကိုင်မိလိုက်တယ်ဆိုရင်ဘဲ ဝမ်းသာအား ရနဲ့ –––

**! ဟုတ်တယ်–ယောက်ျားရေ၊ ကျွန်မတို့ တော့ချမ်းသာပြီ၊ တော့် ဆင်ဉကပေါက်တောင်နေပြီ၊ နှာမောင်းလေးတောင် ထွက်နေပြီ တော် ရေ "** တဲ့ ဗျား။

–တူ၊တူမလေးတို့ ရေ။ဘကြီးဖြိုးရဲ့ "ချမ်းသာပြီတော်ရေ" ဆိုတဲ့ပုံပြင်လေးကို ဒီမှာ ဘဲ အဆုံးသတ်လိုက်ပါတယ်ကွယ်။နောက်နေ့ ကျရင်ဒီထက်ပိုပြီးရယ်ရွှင်ဘွယ်ရာ ကောင်း တဲ့ ပုံပြင်သစ်တွေ အများကြီးဘကြီးဆက်ပြောပြဦးမယ်ကွဲ့။ဒီနေ့ တော့ ဒီလောက် နဲ့ ဘဲ ကျေ နပ်ကြပါလို့ ။–––––––––

@@@@@@@@@@@@@